**တလှောင်းလှောင်း** ကဝ၊ <t-hlaun: hlaun:> ①(苍蝇等)聚集成堆地：ယင်ကောင် ～ 苍蝇成群 ②(味道)浓烈地：အပုပ်နံ ～ ထွက်နေတယ်။ 臭气冲天。

**တလှည့်** န၊ <t-hle'> (轮)一次：သူ့ကိုလည်း ～ ပေးလိုက်ပါဦး။ 也叫他轮一次吧。

**တလှည့်တလေ** ကဝ၊ <t-hle' t-lei> = တလှည့်

**တလှပ်လှပ်** ကဝ၊ <t-hlat hlat> 心里发慌地，心扑通扑通地跳：ဝမ်းသာလွန်းလှသဖြင့်ရင် ～ ခုန်နေရှာသည်။ 因为太高兴了，心里扑通扑通直跳。

**တလျှောက်** န၊ <t-shaut> 一带，一条：လမ်း ～ 一路上 / ပိုက်လုံး ～တွင် 管道沿线 / ကျောရိုး ～ 沿着脊骨……

**တလျှောက်လုံး** ကဝ၊ <t-shaut lon:> 整个……，一贯：ကျောင်းသားဘဝ ～ 整个学生时代 / ～ ဆိုးလာခဲ့တဲ့ကောင်ပဲ။ 是个一贯作恶的人。

**တလျှပ်လျှပ်** ကဝ၊ <t-hlyat hlyat> 光彩夺目，闪烁：နေရောင် ～တောက်နေတယ်။ 阳光灿烂。/ သဘော်သဆေးရောင် ～ ။油漆漆得闪闪亮。

**တလျှမ်းလျှမ်း** ကဝ၊ <t-hlyan: hlyan:> 光芒四射，光彩夺目：တချိန်က ～ တောက်ခဲ့သည်။ 红极一时。

**တလွှား** န၊ <t-hlwa:> 一带：ပုဂံ ～ 蒲甘一带

**တလွှားလွှား** ကဝ၊ <t-hlwa: hlwa:> 盛气凌人；哗啦啦地飘扬：မာန ～ ထောင်နေတယ်။ 趾高气扬。/ အလံ ～ လွင့်နေတယ်။ 旗帜高高飘扬。

**တဝ** I န၊ <t-wa'> 一种，另一种 II ကဝ၊ <t-wa'> 许多，非常；饱饱地，痛快地：～ စားသည်။ 饱饱地吃了一顿。/ ဒူးရင်းသီးအရသာ ～ ကောင်းသည်။ 榴莲的味道真好。/ ～ ကြည့်တယ်။ 看个够。/ ဒီနေ့ ～ ကြီးကစားလိုက်ရတယ်။ 今天玩了个痛快。/ ရေ ～ ချိုးတယ်။ 痛痛快快洗了个澡。

**တဝဂူ** န၊ <t-wa' gu> 只有一个出口的洞、窟

**တဝတနင့်** ကဝ၊ <t-wa' t-nin'> 撑得很：စားချင်ကောင်းတိုင်း ～ စားလေ့ရှိသည်။ 一见好吃的就吃得撑撑的。

**တဝါး** န၊ <t-wa:> 四个手指并列的宽度，一掌宽

**တဝါးဝါး** ကဝ၊ <t-wa: wa:> 一阵阵(笑声)；哇哇(哭声)：～ ရယ်သံကြားရ၏။ 听到阵阵笑声。/ ～ ငိုသည်။ 哇哇地哭。/ ～ သမ်းနေသည်။ 一连打了几个呵欠。

**တဝီဝီ** မသ၊ <t-wi wi> 嗡嗡地：လေယာဉ်သံ ～ ။ 飞机嗡嗡响。/ ပန်ကာ ～ လည်နေတယ်။ 电风扇嗡嗡地转动着。/ ယင် ～ ပျံနေတယ်။ 苍蝇嗡嗡乱飞。

**တဝီးဝီး** မသ၊ <t-wi: wi:> 嗖嗖地：ကျည်ဆန်များကသူ၏ခေါင်းပေါ်မှ ～ ဖြတ်သန်းသွားကြသည်။ 子弹从他头上嗖嗖地飞过。

**တဝေး** ကဝ၊ <t-wei:> 汇集，汇总，聚集

**တဝေးမပြား** ကဝ၊ <t-wi: m-pya:> = တဝေး

**တဝဲလည်လည်** ကဝ၊ <t-we: le le> 围着……转，徘徊，回旋，萦绕：ရုပ်ရှင်ရုံနားမှာ ～ ဖြစ်နေတယ်။ 围着电影院打转转。

**တဝေါဝေါ** မသ၊ <t-waw: waw:> 哗哗地，喧闹地：မိုးသက်လေသည် ～ အော်မြည်လျက်မိုးပက်ဖျန်းရှိနေသည်။ 大风呼啸大雨倾盆。/ ပွဲခင်းထဲမှာဆိုင်းသံဗုံသံလူသံသူသံတို့ ～ ညံနေလေသည်။ 戏场里锣鼓声、人声响成一片。/ တောင်ကြားချောင်းရေ ～ စီးဆင်းလာသည်။ 山泉哗哗地流下来。/ ဗုံးများ ～ ကြွေကျသည်။ 炸弹雨点般地倾泻下来。

**တဝက်** န၊ <t-wet> 一半：～ ခ 半价

**တဝက်တပျက်** ကဝ၊ <t-wet d-byet> 半截子，一半：လက်ဘက်ရည်ပွဲမှ ～ နှင့်ထသွားလေ၏။ 茶会进行到一半就离开了。/ ～ စားတယ်။ 吃了一半。/ ～ လုပ်တယ်။ 干了一半。

**တဝိုက်** န၊ <t-wait> ①一带：အနောက်ဆင်ခြေဖုံး ～ တွင် 在西郊一带 / ရန်ကုန် ～ မှာမိုးရွာသည်။ 仰光一带降雨。②左右，大约，上下：ဆန်ဈေးမှာတပြည်လျှင်လေးကျပ် ～ မှာရှိပါသည်။ 一缅升大米大约四元上下。

**တဝဂ်** န၊ <ta' wet> 缅文字母 တ၊ ထ၊ ဒ၊ ဓ၊ န၊ 的统称

**တဝန်း** န၊ <t-wun:> 一带

**တဝန်းတလျား** န၊ <t-wun: t-lya:> 全部

**တဝုန်းဝုန်း** မသ၊ <t-won: won:> 轰隆轰隆，闹哄哄地：မီးရထား ～ ခုတ်မောင်းနေသည်။ 火车轰隆隆地开动着。

**တဝမ်းကွဲ** န၊ <t-wun: gwe:> 表亲：အစ်ကို ～ 表哥 / ဦးလေး ～ 表舅 / အစ်မ ～ 表姐

**တဝမ်းဆင်း** န၊ <t-wun: zin:> 亲的，嫡亲的，同胞

**တဝမ်းတခါး** န၊ <t-wun: t-kha> 一个人的衣食问题：～ မိမိအလိုရှိသလိုရှာဖွေစားသောက်နိုင်သည်။ 能按自己的意愿解决个人的生活问题。

**တဝမ်းပူ** န၊ <ta' wun: bu> 缅文字母 ဟ 的名称

**တဝမ်းပေါက်** န၊ <t-wun: baut> = တဝမ်းဆင်း

**တသ** က၊ <ta' tha'> 惦念，渴望：နှမြော ～ သည်။ 惋惜。/အောက်မေ့ ～ သည်။ 怀念。

**တသမတ်တည်း** ကဝ၊ <t-th-mat hte:> 一贯，一直，一成不变：နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကိုကျနော်တို့ ～ ထောက်ခံပါတယ်။ 我们一贯支持反对帝国主义的斗争。/ နည်းစနစ်များကို ～ စွဲမှတ်မထားသင့်ပါ။ 不应把方法当做一成不变的东西。

**တသမတ်အမြန်** န၊ <t-th-mat a-myan> 【物】匀速

**တသဝေမတိမ်း** ကဝ၊ <t-th-wei m-tein:> 一丝不差地：ပေါ်လစီအသီးသီးကို ～ လိုက်နာဆောင်ရွက်ရမည်။ 要不折不扣地执行各项政策。

**တသားတည်း** ကဝ၊ <t-dha: de:> 一致地，连成一片地：တပ်မတော်သားများနဲ့ပြည်သူတွေဟာစိတ်တူကိုယ်တူ ～ ဖြစ်ပါတယ်။ 军队同人民是亲骨肉。/ အထက်တန်းတွင်သင်ရသောဘာသာနှင့်တက္ကသိုလ်ဘာသာ ～ ရှိစေရန်ဆောင်ရွက်သင့်သည်။ 应该使高中的课程与大学的课程相衔接。/ ဖနောင့်နဲ့တင်ပါး ～ ကျအောင်ပြေးသွားတယ်။ 一溜烟儿地跑了。